ဦးစံလင်း

**ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသား ယောဂီများ စုပေါင်း၍**
**ယသောဇသုတ္တန်ကို ရွတ်ပူဇော်ခြင်း အစီအစဉ်**
**သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၁၀-ရက်၊**
**ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄-ရက်၊ တနင်္ဂနွေနေ့။**

-------------------

ဦးစံလင်း ၁။ **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**။ သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၁၀-ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄-ရက်၊ တနင်္ဂနွေနေ့။ ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသားများ စုပေါင်း၍ သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဥဒါနပါဠိတော်၌လာသော ယသောဇသုတ္တန်ကြီးကို စာပိုဒ်အလိုက် တာဝန်ယူ၍ မိမိတို့ ကျရာစာပိုဒ်များကို ယခုအချိန်မှ စတင်၍ ရွတ်ဖတ်ပူဇော်ကြမှာ ဖြစ်ပါတယ်။ ဒီသုတ္တန်ကြီးကို မရွတ်ဖတ်ခင်မှာ ဒီသုတ္တန်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများနှင့် သုတ္တန်တရားတော်ရဲ့ အနှစ်ချုပ်ကို နာယူ ကြည်ညို ပူဇော်ကြပါဦးစို့။

ဦးထွန်းရီ ၂။ အရှင်ယသောဇ မထေရ်ဟာ ကိုးဆယ့်တစ် ကမ္ဘာအလွန်က ပွင့်တော်မူတဲ့ ဝိပဿီဘုရားရှင် လက်ထက်မှာ ဥယျဉ်စောင့် အမျိုးမှာဖြစ်၍ ဘုရားရှင်ကို တောင်ပိန္နဲသီး လှူဒါန်းပြီး ဆုတောင်း အထူးပြုခဲ့ပါတယ်။ ဤဘဒ္ဒကမ္ဘာမှာ ၃ ဆူမြောက် ပွင့်တော်မူတဲ့ ကဿပဘုရားရှင်ရဲ့ သာသနာနှောင်းပိုင်းမှာ ခိုးသား ခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ ခိုးမှုကို ကျူးလွန်ပြီးနောက် မြို့နေသူတို့က လိုက်လံ ဖမ်းဆီးတဲ့အခါ တောကျောင်းနေ ရဟန်းတစ်ပါးထံ ရောက်သွားပြီး ရဟန်းတော်ရဲ့ အဆုံးအမ၌ တည်၍ ငါးပါးသီလကို မြဲမြံအောင် ဆောက်တည်ကြပါတယ်။ ဝိုင်းဝန်းလိုက်လာတဲ့ မြို့သူမြို့သားတို့ရဲ့ ဖမ်းဆီး သတ်ဖြတ်ခြင်းကို ခံရတဲ့အခါ ရန်မတုံ့ပြန်ဘဲ သီလမကျိုးပေါက်အောင် စောင့်ထိန်းနိုင်ခဲ့တဲ့ ကုသိုလ်ထူးကြောင့် ကွယ်လွန်တဲ့အခါ ကာမာဝစရ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

ဦးခင်မောင်လတ် ၃။ ဤဂေါတမ ဘုရားရှင်လက်ထက်မှာတော့ သာဝတ္ထိမြို့ အဝင်တံခါးအနီး တံငါရွာကြီးမှာ 'ယသောဇ' နာမည်နဲ့ ရွာသူကြီးရဲ့သား ဖြစ်လာတယ်။ ကျန်တဲ့ မိတ်ဆွေတွေကလည်း ဒီရွာမှာပဲ အတူ မွေးဖွားလာကြပြီး သူတို့အားလုံး တံငါအလုပ်ကို လုပ်ကိုင်ကြပါတယ်။ အစိရဝတီ မြစ်အတွင်း ငါးတွေကို ပိုက်ကွန်နဲ့ ဖမ်းဆီးကြရင်း တစ်နေ့မှာ ရွှေရောင်အဆင်းရှိတဲ့ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီး ဒီငါးကြီးကို အံ့ဩစရာအနေနဲ့ သာဝတ္ထိဘုရင် ကောသလမင်းကို ဆက်သကြတဲ့အခါ ဘုရင်က ရွှေငါးကြီး အကြောင်းနှင့် ပတ်သက်ပြီး မြတ်ဗုဒ္ဓကို မေးမြန်းပါတယ်။ မြတ်ဗုဒ္ဓက ဒီရွှေငါးကြီးဟာ ကဿပဘုရား လက်ထက်က ရဟန်း ဖြစ်ခဲ့ကြောင်း မိန့်တော်မူပြီးလျှင် ကပိလသုတ္တန်ကို ဟောတော်မူပါတယ်။

ဦးကြည်ရှိန်

၄။ ကပိလသုတ္တန် အရ .. ဤဘဒ္ဒကမ္ဘာမှာ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် တစ်ခုသော ကာလမှာ သောဓန၊ ကပိလ၊ သာမိနီ၊ တာပနာ အမည်ရတဲ့ မောင်နှမ လေးယောက်တို့ ဒီဘုရားရှင်ရဲ့ တပည့်သာဝက တွေထံမှာ ရဟန်းပြုခဲ့ကြတယ်။ အကြီးဆုံးဖြစ်တဲ့ သောဓန ရဟန်းဟာ ဆရာရဟန်းတွေဆီမှာ စာပေ သင်ကြားပြီး တောရဆောက်တည် ကြိုးစားပြီး တရားအားထုတ်လို့ ရဟန္တာ ဖြစ်သွားပါတယ်။ အငယ် ဖြစ်တဲ့ ကပိလရဟန်းကတော့ စာပေသင်ယူပြီး ပိဋကတ်သုံးပုံဆောင် ရဟန်းတော် ဖြစ်လာတဲ့အခါ တရား အားမထုတ်ဘဲ ပရိယတ္တိကို အမှီပြုပြီး ဘုန်းကံကြီးမား လာဘ်ပေါ်များလို့ ဗဟုသုတ မာန်ယစ်ရင်း အမှား ကို အမှန်လုပ်ပြီး ဟောပြောမိတဲ့ အကုသိုလ်ကြောင့် ကွယ်လွန်တဲ့အခါ အပါယ်ငရဲကို ရောက်ပြီး ဂေါတမ ဘုရားလက်ထက်မှာ ရွှေရောင်ဝင်းပေမဲ့ ခံတွင်းအနံ့ မကောင်းတဲ့ ကပိလငါးကြီး ဖြစ်လာရတယ်။

မစန်းစန်းရီ

၅။ အဲဒီ ကပိလသုတ္တန်ရဲ့ အဆုံးမှာ ယသောဇနှင့် သူငယ်ချင်းငါးရာတို့ သံဝေဂရပြီး ရဟန်းပြုခဲ့ကြပါ တယ်။ အဲဒီနောက် အရှင်ယသောဇ အမှူးပြုတဲ့ ရဟန်းတော်တွေဟာ ဆိတ်ငြိမ်ရာ အရပ်ဒေသမှာ သီတင်းသုံးကြပြီးနောက် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ရောက်လာ စဉ်မှာ ကျောင်းနေ ရဟန်းတော်တွေနဲ့ ဝမ်းသာအားရ နှုတ်ဆက်ကြရင်း ကျောင်းဝင်းအတွင်း ဆူဆူညံညံ အသံ ဖြစ်ပေါ်တာကို အကြောင်းပြုပြီး  မြတ်စွာဘုရားက ‘ရဟန်းတို့ သွားကြလော့၊ သင်တို့ကို ငါဘုရား နှင်ထုတ်၏၊ သင်တို့သည် ငါ့အထံ၌ မနေရ’လို့ ကျောင်းမှ ထွက်သွားရန် မိန့်တော်မူပါတယ်။ ရဟန်းတော် တွေလည်း ‘ကောင်းလှပါပြီ မြတ်စွာဘုရား’လို့ မြတ်စွာဘုရားကို ဝန်ခံပြီး ဝဇ္ဇီတိုင်းအတွင်းရှိ ဝဂ္ဂုမုဒါလို့ ခေါ်တဲ့ မြစ်ကမ်းမှာ သစ်ရွက်ကျောင်း ဆောက်ပြီး ဝါဆိုကြတယ်။

ဒေါ်တင်မာထွန်း

၆။ ဝါတွင်းကာလမှာ အရှင်ယသောဇရဟန်းတော်က သီတင်းသုံးဖော် ရဟန်းတော်တွေကို ‘အရှင်ဘုရား တို့၊ သိတော်မူ မြင်တော်မူသော ရှင်တော် ဘုရားဟာ တပည့်တော်တို့ကို သနားကြင်နာတော်မူ၍ နှင်ထုတ် တော်မူခြင်း ဖြစ်ပါတယ်၊ တပည့်တော်တို့သည် ရှင်တော်ဘုရား နှစ်သက်တော်မူတဲ့ အတိုင်း နေထိုင် နိုင်အောင် ကြိုးစားကြပါစို့’လို့  မိန့်တော်မူပါတယ်။ သီတင်းဖော် ရဟန်းတော်တွေလည်း နှစ်သက်ဝမ်း သာစွာ သဘောတူကြလျက် ဘုရားရှင် နှစ်သက်တဲ့ နေထိုင်နည်းနဲ့ နေနိုင်စေရန် ကြိုးစားပြီး တရား အားထုတ်ကြတဲ့အတွက်  ဝါတွင်းကာလမှာပင် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဆိုတဲ့ ပု-ဒိ-အာ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတဲ့ ရဟန္တာတွေ ဖြစ်သွားကြပါတယ်။

မအေးသန့်

၇။ မြတ်ဗုဒ္ဓလည်း သာဝတ္ထိမှ ဝေသာလီမြို့သို့ ဒေသစာရီ ကြွချီးပြီး မဟာဝုန်တော ပြာသာဒ်ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီ အခါမှာ ရှင်တော်ဗုဒ္ဓဟာ ဝဂ္ဂုမုဒါ မြစ်ကမ်းမှာ သီတင်းသုံးတော်မူနေ ကြတဲ့ ရဟန်းတော်တွေ ရဟန္တာဖြစ်သွားကြောင်းကို သိတော်မူတဲ့အတွက် အရှင်အာနန္ဒာကို ‘အာနန္ဒာ၊ ဝဂ္ဂုမုဒါ မြစ်ကမ်းမှာ သီတင်းသုံးနေကြတဲ့ ရဟန်းတော်တွေကို ငါဘုရား ရှုမြင်လိုတယ်။ ရဟန်းတစ်ပါးကို စေလွှတ်ပြီး ခေါ်ခိုင်းလိုက်ပါ’လို့ မိန့်တော်မူပါတယ်။ အရှင်အာနန္ဒာ လျှောက်ထားလို့ အဘိညာဏ် ၆ ပါးရ ရဟန္တာတစ်ပါးဟာ ချက်ခြင်းပင် ဝဂ္ဂုမုဒါမြစ်ကမ်း သွားပြီး အရှင်ယသောဇ အမှူးပြုတဲ့ သံဃာတွေကို

အကြောင်းကြားတဲ့အခါ ဒီအရှင်မြတ် အားလုံးလည်း စျာန်အဘိညာဏ်ကို ရပြီးဖြစ်ကြတဲ့အတိုင်း ချက်ခြင်းပဲ ကျောင်းအိပ်ရာကို သိမ်းဆည်း၊ သပိတ်သင်္ကန်းကိုယူပြီး ထိုအရပ်မှ ပျောက်ကွယ်လျက် မဟာဝုန် ပြသာဒ်ကျောင်းရှိ ဘုရားရှင်ရဲ့ ရှေ့မှောက်မှာ ထင်ရှားဖြစ်သွားကြပါတယ်။

Sandra Wong

၈။ ထိုစဉ်အခါ မြတ်ဗုဒ္ဓသည် မတုန်မလှုပ် ပကတိတည်ငြိမ်တဲ့ အရဟတ္တဖိုလ် သာမဓိဖြင့် နေတော်မူတယ်။ အရဟတ္တဖိုလ်ကို ရပြီးဖြစ်ကြတဲ့ အရှင်ယသောဇနဲ့ ရဟန်းတော်တွေလည်း မြတ်စွာဘုရားရဲ့ စိတ်တော်ကို သိတော်မူတဲ့အတွက် မြတ်စွာဘုရား နည်းတူပင် အရဟတ္တဖိုလ်သမာဓိနဲ့ နေတော်မူကြတယ်။ သောတာပန်မျှ ဖြစ်တဲ့ အရှင်အနန္ဒာက ရဟန္တာတို့ရဲ့စိတ်ကို သိတော် မမူတဲ့အတွက် ညဦးယံမှာ တစ်ကြိမ်၊ သန်းခေါင်ယံမှာ တစ်ကြိမ်၊ မိုးသောက်ယံမှာ တစ်ကြိမ် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး 'မြတ်စွာဘုရား၊ အာဂန္တု ရဟန်းတော်များ ထိုင်နေရသည်မှာ ကြာမြင့်လှပြီ ဖြစ်၍ နှုတ်ဆက်စကား ဆိုတော်မူပါဘုရား'လို့ သုံးကြိမ်တိုင်တိုင် လျှောက်ထားတယ်။

Carolyne

၉။ မိုးသောက်ယံကို လွန်၍ အရုဏ်တက်တဲ့အခါ မြတ်စွာဘုရားသည် အရဟတ္တဖိုလ် သမာဓိမှ ထပြီးနောက် 'အာနန္ဒာ၊ သင်သည် အကယ်၍ ဤရဟန်းတော်များရော ငါဘုရားတို့ပါ အရဟတ္တဖိုလ် သမာဓိနှင့် ညည့်သုံးယံပတ်လုံး နေထိုင်ခဲ့ကြသည်ကို သိခဲ့မူ ဤကဲ့သို့ သုံးကြိမ်တိုင်တိုင် လျှောက်ထားမည် မဟုတ်ပေရာ'လို့ မိန့်တော်မူပါတယ်။ အရှင်အာနန္ဒာမှုကား သောတာပန်မျှသာ ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ သမာပတ်နဲ့ နေထိုင်ခြင်းဆိုတဲ့ သမာပတ္တိဝိဟာရကို မသိနိုင်လို့ လောကီ နှုတ်ဆက်စကားဆိုဖို့ သတိပေးသော်လည်း မြတ်စွာဘုရားမှုကား လောကုတ္တရာ နှုတ်ဆက်စကား ဆိုခြင်းဖြင့် တစ်ညတာ ကုန်လွန်ခဲ့ခြင်း ဖြစ်ကြောင်း မှတ်သားရပါတယ်။ အဲဒီနောက် မြတ်စွာဘုရားသည် ရဟန်းငါးရာတို့ စတုတ္ထစျာန် အရဟတ္တဖိုလ် သမာဓိနှင့် နေခဲ့သည်ကို အလုံးစုံ သိတော်မူသဖြင့် ဤကဲ့သို့ ဥဒါန်းကျူးတော်မူပါတယ်။

မမိုးမိုးထွေး

၁၀။ 'ကာမဆူးငြောင့်ကို လည်းကောင်း၊ ဆဲရေးခြင်းကို လည်းကောင်း၊ သတ်ဖြတ်ခြင်းကို လည်းကောင်း၊ နှောင်ဖွဲ့ခြင်းကို လည်းကောင်း အောင်နိုင်သူ ရဟန်းတော်သည် တောင်ကြီးကဲ့သို့ မတုန်မလှုပ် တည်၏။ ထိုရဟန်းသည် ချမ်းသာဆင်းရဲသောကြောင့် တုန်လှုပ်ခြင်း မရှိ'လို့ ဥဒါန်းကျူးတောင်မူပါတယ်။ ဝင်းမေတ္တာ ဓမ္မသင်တန်းသား ယောဂီအပေါင်းတို့၊ ဤကဲ့သို့ အရှင်ယသောဇနဲ့ ရဟန်းငါးရာတို့ အရဟတ္တဖိုလ်ကို ရခြင်းကြောင့် ချမ်းသာဆင်းရဲကို အကြောင်းပြု၍ မတုန်လှုပ်တဲ့ တာဒိဂုဏ်နှင့် ပြည့်စုံသွားပုံကို ဖော်ပြတဲ့ မြတ်စွာဘုရားရဲ့ ဥဒါန်းတော်ကို အာရုံယူပြီးလျှင် 'ယသောဇသုတ္တန်' ဒေသနာတော်ကို သဒ္ဓါထုံပွား ကြည်ညိုသော စိတ်ထားဖြင့် ရွတ်ပွားပူဇော်ကြပါစို့။

-----------------------------